
TEA
Translator-Min Hein Htet
၉၀ ခုနှစ်မှာ
စာစဉ်(၁၂)

# ၈၀ ခုနှစ်မှာ စာစဥ်၃၂
# အပိုင်း (၃၁၁)
# ဝေမင်း... နင် ပြန်ရောက်ပြီလား
*

"အရှက်မရှိတဲ့ အလုပ်တွေ ဒီလောက် အများကြီး လုပ်ထားပြီးမှ အခုကျတော့ ရုတ်တရက်ကြီး ဂုဏ်သိက္ခာကို ဂရုစိုက်နေတယ်ပေါ့လေ" လင်းဖန်ရင်းက ဒေါသထွက်ပေမယ့် အခြေအနေက လွန်သွားပြီဆိုတာကို လက်ခံလိုက်ရတယ်။ သူ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီး ဆစ်ဝေမင်းကို သတိရသွားကာ မေးလိုက်တယ်။ "နင့်ဦးလေးလေးကော ဘယ်မှာလဲ"

ဆစ်ရှောင်ဟွေးက နှုတ်ခမ်းဆူလိုက်ပြီး "ဦးလေးလေး ပြန်မရောက်သေးဘူး၊ အန်တီလေးဆီ သွားကြည့်တာ နေမှာပေါ့" လို့ ဖြေတယ်။

လင်းဖန်ရင်းရဲ့ ဒေါသတွေ တော်တော်လေး ပြေသွားပြီဆိုတာကို မြင်တော့ ဆစ်ရှောင်ဟွေးက သူ့ကို အိမ်ထဲ အမြန်ခေါ်သွားပြီး အိမ်အပြင်အဆင်ကို လိုက်ပြတော့တယ်။ "အမေ... ကြည့်ပါဦး၊ ဦးလေးလေးအိမ်က တော်တော်သက်တောင့်သက်သာ ရှိတယ်။ သမီးနဲ့ ဆောင်ယုက ဒီအခန်းမှာ နေတာ၊ ဦးလေးလေးနဲ့ အန်တီလေးက ဧည့်ခန်း တစ်ဖက်မှာ နေကြတယ်။ သူတို့အခန်းကို လိုက်ပြမယ်၊ တော်တော်လေး လှလှပပ ပြင်ဆင်ထားတာ"

ဆစ်ဝေမင်းရဲ့ အိပ်ခန်းတံခါးကို တွန်းဖွင့်မလို့ လုပ်တုန်း ဧည့်ခန်းထဲမှာ ရပ်နေတဲ့ ထုန်ယောင်

က လှမ်းတားလိုက်တယ်။ "ဦးလေးလေးနဲ့ အန်တီလေး အိမ်မှာ မရှိဘူးလေ၊ နင် အခုလို လုပ်တာ မသင့်တော်ဘူးလို့ မထင်ဘူးလား"

ထုန်ယောင်ရဲ့ စကားကို ကြားတော့ လင်းဖန်ရင်းကလည်း ဝင်ထောက်ခံတယ်။ "ယောင်ယောင် ပြောတာ မှန်တယ်။ နင့်ဦးလေး အိမ်မှာ မရှိဘူး။ ခွင့်ပြုချက်မရဘဲ သူများတံခါးကို ဖွင့်တာက ရိုင်းရာကျတယ်"

ဆစ်ရှောင်ဟွေးက နှာခေါင်းရှုံ့လိုက်တယ်။ "အဲဒါ ဘာများ ရိုင်းစရာ ရှိလို့လဲ။ ဒီတိုင်း ကြည့်ရုံလေးပဲကို၊ ကြမ်းပြင်ကိုများ ဖျက်ဆီးပစ်မှာမို့လို့လား။ ဦးလေးလေးက သူ့အိမ်ဟာ ငါ့အိမ်ပဲလို့ ပြောထားတာ" အဲဒီလို ပြောလိုက်ပေမယ့် တံခါးကိုတော့ ဆက်မဖွင့်တော့ဘူး။

ခဏနေတော့ သူက ဆက်ညည်းတွားတယ်။ "အန်တီလေးက တို့တွေကို သူခိုးတွေလို

သတိထားနေတာ။ အိမ်မှာ မရှိရင် သူ့အိပ်ခန်း တံခါးကို အမြဲ သော့ခတ်သွားတတ်တယ်။ ဦးလေးလေးက အများကြီး ပိုသဘောကောင်း တယ်၊ တို့အပေါ် ဘယ်တော့မှ အဲဒီလို သံသယ မျက်လုံးတွေနဲ့ မကြည့်ဘူး"

လင်းဖန်ရင်းက ယွမ်ချိုင်ကျိန်းအကြောင်း ဆက်မပြောတော့ဘဲ စကားလမ်းကြောင်း လွှဲ ကာ ဆုံးမလိုက်တယ်။ "နင့်ဦးလေးက နင့်အပေါ် ကောင်းတယ်ဆိုရင် နင်လည်း လိမ္မာအောင် နေ ရမယ်၊ ကူညီပြီး အလုပ်လေး ဘာလေး လုပ်ပေး ပေါ့"

"ငါက အခု အားမွေးနေရတဲ့ အချိန်လေ၊ ဘယ်လိုလုပ် အလုပ်လုပ်လို့ ရမှာလဲ" ဆစ်ရှောင် ဟွေးက ပွစိပွစိ လုပ်ပြီး ထုန်ယောင်ဘက် လှည့် ကာ မကျေမနပ် ညည်းတွားတယ်။ "မရီး... မရီး နဲ့ ငါ့အစ်ကိုက ငါ့ကို ဂရုမစိုက်ဘူး၊ အခု အမေ့

ကိုပါ လာပစ်ထားတာ။ ဦးလေးလေးအိမ်မှာ လာပစ်ထားတာကတော့ တော်တော် လွန်တယ်လို့ မထင်ဘူးလား"

မေးကို မော့ထားရင်း ဆစ်ရှောင်ဟွေးက သူ့ဦးလေးလေး သူ့နောက်မှာ ရှိနေတယ်ဆိုတဲ့ အချက်ကနေ ယုံကြည်မှုတွေ ရနေတယ်။ ထုန်ယောင်အပေါ် ထားတဲ့ သူ့ရဲ့ လက်ရှိသဘောထားက လီစီးတီးမှာတုန်းကနဲ့ လုံးဝကို ကွာခြားနေတယ်။

"အမေက သူ့ဘာသာ လာတာ၊ ငါက အတင်းလာပို့တာ မဟုတ်ဘူး" ထုန်ယောင်က ပြတ်ပြတ်သားသား ပြန်ပက်လိုက်တယ်။ "ငါ့ကို လာပြီး ဒီလိုလေသံနဲ့ မပြောနဲ့။ ချွေးမတစ်ယောက် အနေနဲ့ အမေ့ကို ကောင်းကောင်း ဆက်ဆံဖို့က ငါ့တာဝန်ပါ။ ဒါပေမဲ့ ငါ့ကို လာပြီး ကိုယ်ကျင့်တရားအရ ဖိအားလာမပေးနဲ့။ ဘာပဲ

ဖြစ်ဖြစ် သူက နင့်ကို ပြုစုဖို့ ဒီကို လာတာ၊ ငါ့ဆီ လာလည်တာ မဟုတ်ဘူး"

ဒါကို ကြားတော့ လင်းဖန်ရင်းက နေရခက်စွာ ရှင်းပြတယ်။ "ရှောင်ဟွေး... နင့်အစ်ကို ငါလာတာ မသိဘူး။ ငါက ယောင်ယောင်ကို ဒီကို လိုက်ပို့ပေးဖို့ အကူအညီ တောင်းလိုက်တာ"

ထုန်ယောင်ရှေ့မှာ စကားပြောရဲတဲ့ သတ္တိတွေ ရနေတယ်လို့ ဆစ်ရှောင်ဟွေး ခံစားခဲ့ရပေမယ့်၊ ပထမဆုံး စကားများအပြီးမှာတင် သူ ဘာမှ ဆက်မပြောနိုင်တော့ဘူး။ လင်းဖန်ရင်းရဲ့ စကားကို ကြားတော့ သူ စိတ်ပျက်သွားတယ်။

"ဘာကို လာပြုစုမှာလဲ။ ငါက လုံးဝ အကောင်းကြီးပဲကို။ ပြီးတော့ ဒီမှာက အခန်း နှစ်ခန်းပဲ ရှိတာ။ နေစရာ နေရာမရှိတော့ဘူး"

အိမ်ကို လူတွေ ဒီလောက် အများကြီး လာနေရင်၊ ဦးလေးလေးက သူတို့ကို နေဖို့ နေရာတစ်ခု

သွားငှားပေးလိုက်ရင် ဘယ်လိုလုပ်မလဲ။ သူတို့ အပြင်မှာ သွားနေရရင် ဘယ်လိုလုပ်မလဲ။

ဒ့ါအပြင် အငှားအိမ် အခြေအနေက ဒီလောက် ကောင်းမှာ မဟုတ်တာ သေချာတယ်။ ဒီမှာက စားစရာ၊ နေစရာ ဘာမှ ပူစရာမလိုဘူး၊ အပြင် မှာဆို အဲဒီလောက် လွယ်မှာ မဟုတ်ဘူးလေ။

"အဲဒါက..." သမီးဖြစ်သူရဲ့ စကားကို ကြား တော့ လင်းဖန်ရင်း နည်းနည်း အရှက်ရသွား တယ်။ သူ လာဖို့ ဆုံးဖြတ်လိုက်တဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကို သူ သေချာ မစဉ်းစားမိခဲ့ဘူးလေ။

ဆစ်ရှောင်ဟွေးရဲ့ ရှင်းလင်းလှတဲ့ တွက်ကပ်မှု တွေကို ထုန်ယောင် ဆက်ပြီး ကြည့်မနေနိုင် တော့ဘူး။ "နင်က နင့်ဦးလေးအိမ်မှာ တစ်သက် လုံး နေသွားဖို့ စီစဉ်ထားတာလား"

"ဦးလေးလေးက ငါ နေချင်သလောက် နေလို့ရ

တယ်လို့ ပြောထားတယ်" ဆစ်ရှောင်ဟွေးက မေးကို မော့ပြီး ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်တယ်။

ထုန်ယောင်က လှောင်ပြုံး ပြုံးလိုက်ပြီး အငြင်းပွားဖို့ ခွန်အား မဖြုန်းချင်တော့ဘူး။ "အမေ... သမီး ဆိုင်ပြန်ရဦးမယ်၊ အရင် သွားနှင့်တော့မယ်။ တစ်ခုခု လိုရင် ဖုန်းဆက်လိုက်ပါ"

စကားဆုံးတာနဲ့ သူက အိမ်ထဲကနေ တန်းထွက်သွားတော့တယ်။ ဆစ်ဝေမင်း ဖန်တီးထားတဲ့ ပြဿနာတွေကို သူ့ဘာသာ ရှင်းပါစေတော့။

ထုန်ယောင် ထွက်သွားပြီး ဆယ့်ငါးမိနစ်လောက် အကြာမှာ ဆစ်ဝေမင်း ယောက္ခမအိမ်ကနေ ပြန်ရောက်လာတယ်။ သူ မိန်းမဖြစ်သူနဲ့ မတွေ့ခဲ့ရတဲ့အပြင် ယောက္ခမဖြစ်သူရဲ့ ဆူပူတာကို ခံခဲ့ရလို့ စိတ်မကြည်မလင် ဖြစ်နေတယ်။

ယောက္ခမက သူ့တူမ နေဖို့ နေရာတစ်ခုကို အ

ပြန်ဆုံး ရှာပေးရမယ်လို့ ရှင်းရှင်းလင်းလင်း ပြောလိုက်တယ်။ သူ့မိန်းမနဲ့ သားဖြစ်သူတို့ အခန်းအတူတူ ဆက်အိပ်ဖို့ဆိုတာ မသင့်တော်ဘူးလေ။ ဆစ်ဝေမင်းလည်း ဒါကို နားလည်ပါတယ်။ ဒါကြောင့် ဆစ်ရှောင်ဟွေးကို နောက်ရက်အနည်းငယ်လောက် အနားပေးပြီးမှ သူတို့ပြောင်းနေဖို့ နေရာတစ်ခု ရှာပေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

မမျှော်လင့်ဘဲ အိမ်ထဲ ဝင်လိုက်တာနဲ့ ဟင်းနံ့လေးတွေက သူ့ကို ဆီးကြိုနေတယ်။ မီးဖိုချောင်ထဲ လှမ်းကြည့်လိုက်တော့ ခါးပတ်ဖျင် ဝတ်ထားတဲ့ လင်းဖန်ရင်းကို တွေ့လိုက်ရပြီး သူ အံ့ဩမှင်သက်သွားတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ် တစ်ခုကျော် အချိန်ကို အချိန်ခရီးသွားပြီး ပြန်ရောက်သွားသလို သူ ခံစားလိုက်ရတယ်။ ဒါပေမဲ့ သူ့ရှေ့က မိန်းမက

အဲဒီတုန်းကလို မိန်းမမျိုး မဟုတ်တော့ဘူး။ လင်းဖန်ရင်းရဲ့ မျက်လုံးဘေးက အရေးအကြောင်းတွေက အဲဒီအချိန်တွေ အဝေးကြီးကို လွင့်စင်သွားပြီ ဆိုတာကို အတည်ပြုပေးနေတယ်။

တံခါးဝက ဆစ်ဝေမင်းကို မြင်တော့ လင်းဖန်ရင်းလည်း မှင်သက်သွားတယ်။ အချိန်တွေက တဟုန်ထိုး ကုန်လွန်သွားခဲ့ပြီ၊ သူက အသက်ကြီးသွားပေမယ့် ဆစ်ဝေမင်းကတော့ မုတ်ဆိတ်မွေး နည်းနည်း ထွက်လာတာကလွဲရင် သိပ်မပြောင်းလဲသေးဘူး။ အံ့ဩမှုကနေ သတိပြန်ဝင်လာတော့ သူ့လက်တွေကို ဘယ်နားထားရမှန်းမသိ ဖြစ်သွားတယ်။ "ဝေမင်း… နင်ပြန်ရောက်ပြီလား"

"မရီး" ဆစ်ဝေမင်းလည်း အစပိုင်းမှာ နေရခက်သွားပေမယ့် သတိပြန်ဝင်လာပြီး မကြာခင်

မှာပဲ သူ့ခံစားချက်တွေကို ထိန်းချုပ်နိုင်သွားတယ်။

အဲဒီ 'မရီး' ဆိုတဲ့ အခေါ်အဝေါ်က လင်းဖန်ရင်းကို လက်တွေ့ဘဝထဲ ပြန်ဆွဲခေါ်လာတယ်။ သူက ဆစ်ဝေမင်းကို ကြည့်ပြီး "ရှောင်ဟွေးကို စိတ်ပူလို့၊ သူ့ကို ခဏလောက် လာပြုစုပေးမလို့ပါ" လို့ ပြောလိုက်တယ်။

ဆစ်ဝေမင်း ခေါင်းငြိမ့်လိုက်တယ်။ "မရီး လာမယ်ဆိုတာ ဘာလို့ ကြိုမပြောတာလဲ။ သိခဲ့ရင် ကျွန်တော် ဒီနေ့ ချိုင်ကျိန်းကို ပြန်ခေါ်လာမှာပေါ့၊ ဒါမှ မရီးတို့နှစ်ယောက် တွေ့လို့ရမှာ"

ဆစ်ဝေမင်းက ယွမ်ချိုင်ကျိန်း အကြောင်း ပြောတာကို ကြားတော့ လင်းဖန်ရင်းက တစ်ခုခုကို သတိရသွားသလို အတင်းပြုံးလိုက်ပြီး "ရုတ်တရက် ဆုံးဖြတ်လိုက်တာပါ။ ရှောင်ဟွေးကို လာကြည့်ရုံ သက်သက်ပါပဲ" လို့ ဖြေလိုက်

တယ်။

သူက ဆစ်ရှောင်ဟွေးအတွက် လာတာပါလို့ ထပ်ခါတလဲလဲ အလေးပေး ပြောနေပေမယ့်၊ ဆစ်ဝေမင်းကတော့ ဘာဆက်ပြောရမှန်း မသိဖြစ်သွားတယ်။

"အမေ... ထမင်းကျက်ပြီလား၊ သမီး ဗိုက်ဆာနေပြီ... အို၊ ဦးလေးလေး ပြန်ရောက်ပြီလား" ဆစ်ရှောင်ဟွေးက ညှော်ခန်းထဲကနေ ပြေးထွက်လာပြီး ထူးဆန်းနေတဲ့ လေထုကို ဖြိုခွင်းလိုက်တယ်။

လင်းဖန်ရင်းက အမြန် ပြန်ဖြေတယ်။ "နင် လက်အရင် သွားဆေးချေ၊ ထမင်းကျက်ပြီ။ ခဏနေ စားကြမယ်"

"ကျေးဇူးပါပဲ မရီး"

ဆစ်ဝေမင်း ခေါင်းငြိမ့်ပြပြီးနောက် လှည့်ကာ ညှော်ခန်းဘက်ကို ပြန်လျှောက်သွားတယ်။

သူ ထွက်သွားတာကို မြင်တော့ လင်းဖန်ရင်း သက်ပြင်းချနိုင်သွားပြီး စိတ်လှုပ်ရှားလွန်းလို့ သူ့လက်ဖဝါးတွေမှာ ချွေးတွေ ပျံနေတာကို သတိထားမိလိုက်တယ်။ ဆယ်စုနှစ်တစ်ခု အကြာမှာ ဆစ်ဝေမင်းက သူဌေးကြီး တစ်ယောက်လို နေထိုင်နေပြီး သူကတော့ အိမ်အကူ တစ်ယောက်နဲ့ ပိုတူနေတယ်။ သူတို့ရဲ့အဆင့်အတန်း ကွာဟချက်က ရုတ်တရက် သိသာထင်ရှားလာတယ်။

ပထမဆုံးအကြိမ် အနေနဲ့ လင်းဖန်ရင်း တစ်ယောက် လူမှုအသိုင်းအဝိုင်းရဲ့ စံနှုန်းတွေတင်မကဘဲ၊ တခြား မြင်သာထင်ရှားတဲ့ လက်တွေ့အခြေအနေတွေကပါ သူနဲ့ ဆစ်ဝေမင်းကို ခြားနားစေတယ် ဆိုတာကို သဘောပေါက်လိုက်တယ်။ သူ့ရင်ထဲမှာ ဘယ်လိုပဲ မကျေနပ်မှုတွေ ရှိနေပါစေ၊ သူ ဘာမှ မတတ်နိုင်ဘူးလို့ ခံစားလိုက်

ရတယ်။

"အမေ... ဟင်းတွေ ချဖို့ သမီး ကူညီပေးမယ်"

ဆောင်ယုရဲ့ အသံကြောင့် လင်းဖန်ရင်း လက်တွေ့ဘဝထဲ ပြန်ရောက်လာပြီး ခါးပတ်ဖျင်ကို အမြန်ချွတ်ကာ ညစာစားဖို့ ပြင်ဆင်တော့တယ်။

တမင်သက်သက်ပဲဖြစ်ဖြစ်၊ မရည်ရွယ်ဘဲနဲ့ပဲ ဖြစ်ဖြစ်၊ ထမင်းစားတဲ့အခါ ဆစ်ဝေမင်းက ဆစ်ရှောင်ဟွေးနဲ့ ဆောင်ယု ကြားမှာ ဝင်ထိုင်လိုက်ပြီး လင်းဖန်ရင်းနဲ့ တတ်နိုင်သမျှ အဝေးဆုံးမှာ နေတယ်။ လင်းဖန်ရင်းက အပြင်ပန်းမှာ ဂရုမစိုက်သလို ဟန်ဆောင်နေပေမယ့် ရင်ထဲမှာတော့ ခါးသက်မှုတွေကို ခံစားနေရတယ်။ အရင်က သူပိုင်ဆိုင်ခဲ့ဖူးတဲ့ ပျော်ရွှင်စရာ အချိန်တွေက အခုတော့ အိပ်မက်တစ်ခုလို ဖြစ်နေပြီး၊ အဲဒီ အိပ်မက်ကို သူ တစ်ယောက်တည်းပဲ မှတ်မိ

တော့တယ်။

ဆောင်ယုက ဆစ်ဝေမင်းကို ကြောက်လို့ ထမင်းစားနေတုန်း စကား သိပ်မပြောဘူး။ လင်းဖန်ရင်းကလည်း ဘာပြောရမှန်း မသိဖြစ်နေတယ်။ အခန်းထဲမှာ ဆစ်ရှောင်ဟွေးရဲ့ စကားသံတွေပဲ ပြည့်နှက်နေပြီး ဆစ်ဝေမင်းက တစ်ခါတလေ ဝင်ထောက်ခံပေးတယ်။

ဆစ်ဝေမင်းက အာလူးနဲ့ ဝက်သားဟင်းပန်းကန်ကို လုံးဝ မတို့တာကို မြင်တော့ လင်းဖန်ရင်း နည်းနည်း ဇဝေဇဝါ ဖြစ်သွားပြီး "ဝက်သားနဲ့ အာလူးဟင်းကို ဘာလို့ မစားတာလဲ။ အရင်တုန်းက အဲဒါ နင် အကြိုက်ဆုံးဟင်း မဟုတ်ဘူးလား" လို့ မေးလိုက်တယ်။

အပိုင်း (၃၁၁) ပြီးဆုံး

***